**၂၀၁၉ ခုနှစ်**

**တက္ကသိုလ်ဝင်စာမေးပွဲ**

**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

**စိတ်ကြိုက်မြန်မာစာ** **ခွင့်ပြုချိန် (၃) နာရီ**

**မေးခွန်းအားလုံးဖြေဆိုပါ။**

၁။ (က) ဦးချမ်းသာသည် မည်သို့သော လူစားမျိုးဖြစ်ကြောင်းကို သာခုနှ၏ ဦးချမ်းသာ ဝတ္ထုကို ကိုးကား၍ ဝေဖန်ပါ။ (၁၀မှတ်)

**(သို့မဟုတ်)**

ဝဇီကိုင် ဝတ္ထုတိုမှ ကုသ၏ သရုပ်ဖော်စွမ်းရည်ကို လေ့လာတင်ပြပါ။

(ခ) မြေပိုင်ရှင် ဦးကံကောင်းနှင့် သမီးများ ပြဇာတ်သည် လူ့သဘာဝကို ပေါ်လွင်စေသော ပြဇာတ်တစ်ပုဒ်ဖြစ်ကြောင်း သုံးသပ်တင်ပြပါ။ (၁၅မှတ်)

**(သို့မဟုတ်)**

မြန်မာစာပရိဂရက်(စ)ဖြစ်စေဖို့ပြဇာတ်မှ ပြဇာတ်ဆရာ၏ အရေးအဖွဲ့စွမ်းရည်ကို အကဲဖြတ်ပါ။

၂။ (က) အောက်ပါတို့မှ <u>နှစ်ခု</u>ကို သံဝရပျို့အရ ရှင်းပြပါ။ (၁၀မှတ်)

(၁) သရက်မှည့်သီး၊ ခိုင်လုံးကြီးကို၊ မနီးမြေတာ၊ ယူဇနာက၊ လှမ်းကာမီနိုး၊ ဆွတ်မည်ကြိုးသို့။

(၂) စီးလေ့တူလှ၊ ရေကိစ္စကို၊ အဖပဲ့လတ်၊ ငါလှော်တတ်၏။

(၃) ရှေးသရောခါ၊ အသူရာတို့၊ နတ်ရွာမြင့်ဖြူး၊ မြင်းမိုရ်ဦးဝယ်၊ နတ်မှူးနတ်စစ်၊ နတ်ကြီးဖြစ်လျက်။

(၄) ဘုရားအလောင်း၊ ဆရာကောင်း၏၊ ကျိုးကြောင်းဆုံးမ၊ ဩဝါဒ၌၊ ဆံမျှမယွင်း၊ တည်ဖြောင့်စင်း၍။

(ခ) ဆရာစကား နားထောင်သူသည် အောင်မြင်မှုများ ရရှိတတ်ပုံကို သံဝရပျို့ အရ ဆွေးနွေးတင်ပြပါ။ (၁၅မှတ်)

**(သို့မဟုတ်)**

သံဝရပျို့တွင် တွေ့ရသော အလင်္ကာအဖွဲ့ကောင်းများကို လေ့လာတင်ပြပါ။

၃။ (က) အောက်ပါတို့မှ <u>နှစ်ခု</u>အကြောင်းကို မှတ်စုရေးပါ။ (၁၀မှတ်)

လက်တန်းဉာဏ်၊ သံပေါက်၊ လေးချိုးစာဆိုများ၊ ၊ တျာဘွဲ့။

(ခ) အောက်ပါကဗျာ၏ အမျိုးအမည်ကို ဖော်ပြ၍ ကာရန်ယူပုံကိုသင်္ကေတဖြင့် ရှင်းပြပါ။ (၁၅မှတ်)

တပို့တွဲ၊ ပေါက်လဲရယ်တဲ့၊ ငုံစီစီ၊ ဖူးတံကချီ။

သည်ရာသီ၊ ဗာဟီကအပြောင်း။

ပျိုတို့မောင်၊ ရွှေသျှောင်တွဲ(ငယ်နှင့်)၊ ခါမမီ ယာယီခွဲ(လို့ရယ်)၊

လွဲပေါ့သည်ဆောင်း။

[ တစ်မျက်သို့

၄။ (က) အောက်ပါတို့မှ **ငါးခု**ကို ဖြေပါ။ (၁၀မှတ်)

(၁) ရခိုင်ဆရာတော် ရှင်ကဝိသာရ ရေးသားခဲ့သော အရေးတော်ပုံကျမ်းကို ဖော်ပြပါ။

(၂) ဩဝါဒထူးပျို့သည် မည်သည့်စာပေမျိုး ဖြစ်သနည်း။

(၃) ဗုံကြီးသံများ ထွန်းကားသည့် အရပ်ကို ဖော်ပြပါ။

(၄) ရတနာကြေးမုံဝတ္ထုကို မည်သူရေးသနည်း။

(၅) ဥတုနှင့်အဟာရ မှတ်တရေးအတွက် ယောမင်းကြီးဦးဘိုးလှိုင်ရေးခဲ့သော ကျမ်းအမည်ကို ဖော်ပြပါ။

(၆) မြန်မာ ကလေးကဗျာ အများဆုံးရေးခဲ့သူမှာ မည်သူနည်း။

(၇) ပထမ အင်္ဂလိပ် မြန်မာ အဘိဓာန်ကို မည်သူပြုစုခဲ့သနည်း။

(၈) စုံနံ့သာမြိုင် ရာပုံတော်ကြီးကို မည်သူ ရေးခဲ့သနည်း။

(ခ) မြန်မာစာပေသမိုင်းမှ ဗုဒ္ဓစာပေကို အခြေခံသော ဝတ္ထု၊ စကားပြေများ အကြောင်း ကို လေ့လာတင်ပြပါ။ (၁၅မှတ်)

(သို့မဟုတ်)

ကုန်းဘောင်ခေတ်တွင် တွေ့ရသော မြန်မာအမျိုးသမီး စာဆိုများအကြောင်းကို စိတ်ဝင်စားဖွယ်တင်ပြပါ။